## မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း၊ ၂၀၁၇ မှ အဓိကတွေ့ရှိချက်များ

ဗဟိုစာရင်းအင်းအဖွဲ့၊ UNDP နှင့် ကမ္ဘာ့ဘဏ်တို့ ပူးတွဲထုတ်ပြန်သော အစီရင်ခံစာတွင် အချိန်ကာလ တစ်ခုအတွင်း မြန်မာနိုင်ငံရှိ နေထိုင်မှုအခြေအနေများ၌ သိသာသော ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို ဖော်ပြထားပါသည်။

**ဆိုလာနှင့် အစိုးရဓာတ်အားလိုင်းကွန်ရက်များကို လက်လှမ်းမီမှုများ တိုးတက်လာပြီး ထိုတိုးတက်မှု အားလုံးနီးပါးသည် ကျေးလက်ဒေသများတွင် ဖြစ်ပေါ်နေခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ကျေးရွာများတွင် အရေးကြီးသော ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ကြောင်း သိရှိနိုင်ပါသည်။**

- ၂၀၁၇ခုနှစ်တွင် အိမ်ထောင်စုများအားလုံး၏ လေးပုံတစ်ပုံကျော်သည် အိမ်များ မီးလင်းရန် အတွက် ဆိုလာစနစ်ကို အသုံးပြုနေကြပါသည်။ ၂၀၀၉/၁၀ ခုနှစ်က ဆိုလာကို လုံးဝသုံးစွဲခြင်း မရှိခဲ့သည့် အခြေအနေနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။
- မီးထွန်းရန်အတွက် လျှပ်စစ်မီးကို အသုံးပြုခဲ့သည့် အိမ်ထောင်စုအရေအတွက်သည် ၂၀၁၅ ခုနှစ်တွင် ၃.၄ သန်း ရှိရာမှ ၂၀၁၇ခုနှစ်တွင် ၄.၅ သန်းအထိ တိုးမြင့်လာပါသည်။
- အစိုးရဓါတ်အားလိုင်းရောက်ရှိပြီးသော နေရာဒေသများတွင် ချိတ်ဆက်မှုများ တိုးမြှင့်ဆောင် ရွက်ပေးရုံဖြင့် လျှပ်စစ်မီးရရှိမှုများ တိုးတက်လာနိုင်သည့် အလားအလာ ကြီးမားစွာ ရှိနေ ပါသည်။

**အိမ်သုံးပစ္စည်းကိရိယာလေးများ သုံးစွဲနိုင်မှုသည် လျှပ်စစ်မီးရရှိမှုနှင့်လည်း တစ်စိတ်တစ်ပိုင်း ဆက်နွှယ်နေသည့်အတွက် ၂၀၁၅ခုနှစ်မှစတင်၍ အသုံးအဆောင်ပစ္စည်းများ သုံးစွဲနိုင်မှုသည် များစွာ တိုးတက်လာခဲ့ပါသည်။ အသုံးအဆောင်ပစ္စည်းများထဲတွင် မိုဘိုင်းဖုန်းများ သုံးစွဲမှုသည် အလျှင်မြန်ဆုံး တိုးတက်လာပါသည်။**

- ဖုန်းပိုင်ဆိုင်မှုသည် ကျေးလက်ဒေသများနှင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် အနိမ့်ဆုံး ဖြစ်ပါသည်။ စစ်တမ်းကောက်ယူချိန်တွင် ထိုဒေသများရှိ ဖုန်းကွန်ရက်တိုးချဲ့မှုသည် နေထိုင်သူ အားလုံးထံသို့ မရောက်ရှိသေးသောကြောင့် ဖြစ်ဟန်တူ ပါသည်။
- ကျေးလက်နှင့် မြို့ပြကြား ဖုန်းပိုင်ဆိုင်မှု ကွာဟချက်သည် ၂၀၁၄ခုနှစ် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ စတင်ခါစအချိန်တွင် ကြီးမားသော်လည်း ၂၀၁၇ခုနှစ်တွင် ကွာဟချက် သည် ကျဉ်းမြောင်းသွားပြီ ဖြစ်ပါသည်။
- မိုဘိုင်းဖုန်းနှင့် အင်တာနက်သုံးစွဲမှုတွင် ကျားမကွာဟချက် ရှိသည်ကို တွေ့ရပါသည်။ အမျိုး သမီးများသည် အင်တာနက်နှင့် မိုဘိုင်းဖုန်းကို အမျိုးသားများလောက် သုံးစွဲမှု မရှိပါ။
- ကွန်ပြူတာများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲမှု မရှိသေးပါ။ သို့သော် အချို့သော လူအုပ်စုများ တွင် ပိုမိုကျယ်ပြန့်စွာ စတင်သုံးစွဲလာသည်ကို ပြသသည့် သက်သေအထောက်အထားများ တွေ့ရ ပါသည်။ ကွန်ပြူတာသုံးစွဲမှုအားလုံးနီးပါးကို အထက်တန်းအဆင့်နှင့်အထက် ပညာအရည် အချင်းရှိသော သူများကြားတွင် တွေ့ရှိရပါသည်။ ပြည်ထောင်စုအဆင့်၌ အိမ်ထောင်စု သုံးစုတွင်

တစ်စု (၃.၃ ရာခိုင်နှုန်း) သည် ကွန်ပြူတာ ပိုင်ဆိုင်ကြောင်း သိရပါသည်။ ရန်ကုန်ရှိ ကွန်ပြူတာ ပိုင်ဆိုင်မှု (၁၀.၉ ရာခိုင်နှုန်း) သည် တစ်နိုင်ငံလုံးပျမ်းမျှထက် သုံးဆ ပိုမိုမြင့်မားပြီး နေပြည်တော် (၃.၈ ရာခိုင်နှုန်း) တွင် အနည်းငယ်မျှ ပိုမို မြင့်မားပါသည်။

**သန့်ရှင်းသောရေကို လက်လှမ်းမီမှုသည် ၂၀၁၅ခုနှစ်မှ စတင်ကာ တိုးတက်လာခဲ့ပါသည်။ အကြောင်းရင်းမှာ ရေပိုက် လိုင်းနှင့် မြေအောက်ရေတို့ကို သုံးစွဲမှု တိုးမြင့်လာခြင်းနှင့် ရေရှည်သုံးစွဲနိုင်အောင် လုပ်ဆောင် ခြင်းတို့ထက် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်ချက်များကြောင့် ဖြစ်ပါသည်။**

- ပြည်နယ်နှင့် တိုင်း ဒေသကြီးအများအပြားရှိ အိမ်ထောင်စုများသည် ရေကို ရေထွက်ရင်းမြစ်မှ သုံးစွဲသည့် နေရာသို့ သယ်ယူကြရသဖြင့် အညစ်အကြေးပိုးမွှား ကပ်ငြိဝင်ရောက်နိုင်ခြေကို တိုးပွားစေပါသည်။
- တော ထိုင်သည့်ဓလေ့ကို ကျင့်သုံးသော အိမ်ထောင်စုများ ရာခိုင်နှုန်းမှာ ၂၀၁၄ခုနှစ်ကနှင့် နှိုင်းစာလျှင် ၁၄ ရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းသို့ လျော့ကျသွားသည့်အတွက် ထက်ဝက်လျော့သွားခြင်း ဖြစ်ပါသည်။

ပညာရေးကဏ္ဍတွင် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း မှန်မှန်တိုးတက်လာပါသည်။ သို့သော် ကြီးမားသော ကွာခြားချက်များ ရှိနေဆဲဖြစ်ပါသည်။

- ကျေးလက်ဒေသများရှိ အသားတင်စုစုပေါင်း အလယ် တန်းကျောင်း အပ်နှံမှုနှုန်းသည် ၂၀၁၀ ခုနှစ်မှ ၂၀၁၇ခုနှစ်တွင်းတွင် ၂၀ ရာခိုင်နှုန်းခန့် တိုးလာ ပါသည်။ ထိုအချိန်ကာလအတွင်းရှိ ကျေးလက်ဒေသများမှ အသားတင်စုစုပေါင်း အထက်တန်းကျောင်း အပ်နှံမှုနှုန်းသည် နှစ်ဆနီးပါး တိုးလာပါသည်။
- သို့သော် အချို့သော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အသားတင်စုစုပေါင်း မူလတန်းကျောင်း အပ်နှံမှုနှုန်းသည် ကလေးတိုင်းမူလတန်းပညာကို လက်လှမ်းမီရေးဟူသည့် ရည်မှန်းချက်ကို ပြည့်မီလုနီးပါး ရရှိနေသော်လည်း ရှမ်း၊ မွန်နှင့် ရခိုင်ပြည်နယ်များတွင် မူလတန်းကျောင်းနေအရွယ်ကလေး ဆယ်ဦးတွင် တစ်ဦးသည် ကျောင်းမနေနိုင်သည်ကို တွေ့ရပါသည်။
- စာတတ်မြောက်မှုနှုန်းသည် နောက်ပိုင်းမျိုးဆက်များတွင် တိုးတက်လာသည်ကို တွေ့ရပြီး နိုင်ငံအဆင့်တွင် စာတတ်မြောက်မှုနှင့်စပ်လျဉ်း၍ ကျားမကွာဟချက် မရှိတော့သည်ကို တွေ့ရပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများထဲတွင် ထက်ဝက်သည် စာတတ်မြောက်မှုနှုန်း ၉၀ ရာခိုင်နှုန်း သို့မဟုတ် အထက် ရှိပြီး ကျန်ထက်ဝက်တွင် ၈၀ ရာခိုင်နှုန်း သို့မဟုတ် အောက်ရှိနေပါသည်။

**လုပ်သားအင်အားစု ပါဝင်မှုနှုန်းသည် တိုးမြင့်လာပြီး အမျိုးသမီးများ၏ ပါဝင်နှုန်းမှာ အများဆုံးတိုးတက်လာပါသည်။**

- ၂၀၁၇ခုနှစ်တွင် အသက် ၁၅ နှစ်နှင့် အထက် အမျိုးသမီးများ၏ ၅၅ ရာခိုင်နှုန်းသည် လုပ်သား အင်အားစုတွင် ပါဝင်နေကြောင်း သိရှိရပြီး ၂၀၀၅ခုနှစ်တွင် ရှိခဲ့သည့် ၄၉ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။
- မြန်မာနိုင်ငံ၏ လုပ်သားအင်အားစုတွင် ကြီးမားသော ရာခိုင်နှုန်းသည် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေကြပြီး စိုက်ပျိုးရေးမဟုတ်သော ကဏ္ဍများမှ ဝင်ငွေရရှိသည့် အိမ်ထောင်စုအချိုးအစားမှာလည်း တိုးလာပါသည်။

**ရလဒ်များ နောက်ကျကျန်နေသည့် နိုင်ငံ၏ အချို့အစိတ်အပိုင်းများတွင် တိုးတက်မှုများ ရရှိအောင် ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်းကိုလည်း အစီရင်ခံစာတွင် တင်ပြထားပါသည်။**

- မြန်မာနိုင်ငံရှိ အိမ်ထောင်စုများထဲမှ အများစုသည် အစိုးရဓါတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ခြင်း မရှိသေးပါ။ အစိုးရဓါတ်အားလိုင်း၏ လွှမ်းခြုံမှု များစွာ တိုးတက်လာသော်ငြားလည်း ကျေးလက်ဒေသများတွင် ချိတ်ဆက်မှုများကို တိုးချဲ့ပြုလုပ်နိုင်ရန် လုပ်ဆောင်ရန်အတွက် စိန်ခေါ်မှုများ ရှိနေဆဲ ဖြစ်ပြီး ကျေးရွာများတွင် ရှိသည့် အိမ်ထောင်စုများ၏ ၆၃ ရာခိုင်နှုန်းသည် ဓါတ်အားလိုင်းနှင့် မချိတ်ဆက်ရသေးပါ။
- သန့်ရှင်းသောရေကို လက်လှမ်းမီသုံးစွဲနိုင်မှုနှင့် ရာသီအလိုက် လက်လှမ်းမီမှုများ ပြောင်းလဲမှု သည် ပြည်နယ်များနှင့် တိုင်းဒေသကြီးများကြား ကွာခြားချက်မှာ ကြီးမားပြီး ရခိုင်နှင့် ဧရာဝတီသည် သန့်ရှင်းသော ရေကို လက်လှမ်းမီမှုသည် အခြေအနေအဆိုးဆုံးဖြစ်ပါသည်။

**အစီရင်ခံစာအကြောင်း**

- မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း ၂၀၁၇ ကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာ လအထိ ခရိုင်များအားလုံးနှင့် မြို့နယ် ၃၃၀ ထဲမှ ၂၉၆မြို့နယ်တွင် ဆောင်ရွက်ခဲ့ပါသည်။ ထိုစစ်တမ်းသည် ပြည်ထောင်စုအဆင့်၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၊ မြို့ပြနှင့် ကျေးလက်ဒေသများကို လွှမ်းခြုံကိုယ်စားပြုပါသည်။
- စစ်တမ်းသည် မြန်မာနိုင်ငံရှိ နေထိုင်မှုအခြေအနေများနှင့်စပ်လျဉ်းသော အဓိကညွှန်ကိန်းများကို ပထမဆုံးလေ့လာတင်ပြခဲ့သည့် စစ်တမ်းဖြစ်ပြီး နိုင်ငံတစ်ဝှမ်းရှိ နေထိုင်မှုအခြေအနေများကို နေရာဒေသအလိုက် နှိုင်းယှဉ်ပြကာ အချိန်ကာလရွေ့လျားလာ သည်နှင့်အမျှ မည်သို့ ပြောင်းလဲ လာသည်ကိုလည်း ဆန်းစစ်တင်ပြထားပါသည်။ ဤအစီရင်ခံစာ၏ နောက်တွင် ဆင်းရဲမှုနှင့် အသုံးစရိတ်များအကြောင်း ပိုမိုအသေးစိတ်သော အချက်အလက်များ ပါရှိသည့် အစီရင်ခံစာ များ ဆက်လက်ထွက်ရှိလာမည်ဖြစ်ပါသည်။